မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# ကိုမင်းကိုနိုင်နှင့် ကျောင်းသားခေါင်းဆောင်များအပါအဝင် ဒီမိုကရေစီလှုပ်ရှားတက်ကြွသူ ၂၁-ဦး အား တည်ဆဲတရားဥပဒေများနှင့် ဆန့်ကျင်ကာ မတရားဖမ်းဆီးချုပ်နှောင်ခြင်း အပေါ် ဥပဒေ ရေးရာ သုံးသပ်ထုတ်ပြန်ချက်။

## အမှု ဖြစ်စဉ် အကျဉ်း

မြန်မာနိုင်ငံတွင် လောင်စာဆီဈေးနှုန်းကို အစိုးရက ရုတ်တရက် တိုးမြှင့်လိုက်သောကြောင့် အထွေထွေကုန်ဈေးနှုန်းများ မြင့်တက်သွားခဲ့ပါသည်။ တနေ့ကို တစ် ဒေါ်လာတောင် မပြည့်သည့်ဝင်ငွေဖြင့် စားဝတ်နေရေးကို ဖြေရှင်းနေကြရသည့် ပြည်သူ့ဘဝများကို လွန်မင်းစွာ ကြပ်တည်းဆင်းရဲသွားစေခဲ့ပါသည်။ ပြည်သူ့ ဘဝနှင့် တသားတည်းရှိကြသည့် ၈၈ မျိုးဆက်သစ်ခေါင်းဆောင် ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ပြုံးချို၊ ဂျင်မီ၊ ဒွေးကြွယ်၊ မြအေး၊ ပဏ္ဍိတ်ထွန်း၊ ကျော်ကျော်ထွေး၊ မင်းဇေယျာ တို့အပါအဝင် ဒီမိုကရေစီ အင်အားစုများသည် (၁၉၊ ၈၊ ၂၀၀၇) ရက်နေ့က ရွှေဂုံတိုင် မီးပွိုင့်မှတဆင့် တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်းရှိ တာမွေဈေးအထိ ငြိမ်းငြိမ်းချမ်းချမ်း လမ်းလျှောက်ဆန္ဒပြခဲ့ကြပါသည်။ အထွေထွေကုန်ဈေးနှုန်း မြင့်မားသည့်ဒဏ်မှ သက်သာရာရရှိစေရန် လောင်စာဆီဈေးနှုန်းနှင့် ကုန်ဈေးနှုန်းများ ကျဆင်းရေးအတွက် လမ်းလျှောက်ဆန္ဒ ပြကြခြင်းဖြစ်သည်။

ကိုမင်းကိုနိုင်နှင့် ကျောင်းသားခေါင်းဆောင်များသည် ရှစ်လေးလုံးအရေးတော်ပုံကြီး နောက်ပိုင်းတွင် နှစ်ရှည်ထောင်ဒဏ်များ ကျခံခဲ့ကြသူများဖြစ်သည်။ ယခု ၂၀၀၇ ခုနှစ် ဩဂုတ်လ ကုန်ဈေးနှုန်းကျဆင်းရေး လမ်းလျှောက်ဆန္ဒပြပွဲတွင်ပါဝင်ခဲ့၍ (၂၁၊ ၈၊ ၂၀၀၇) ရက်နေ့ ညသန်းခေါင်ယံအချိန်တွင် နေအိမ်မှ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရပါသည်။

ယခုအခါတွင် ကိုမင်းကိုနိုင် အပါအဝင် ၂၁ ဦးကို အောက်ပါတရားရုံးများတွင် (၄၊ ၉၊ ၂၀၀၈) ရက်နေ့မှစ၍ ရုံးတင်စစ်ဆေးနေပါသည်။

၁။ ရန်ကုန် အရှေ့ပိုင်း ခရိုင်တရားရုံးတွင် အမျိုးသားညီလာခံ ကာကွယ်သည့်ဥပဒေ (ဥပဒေအမှတ် ၅/၉၆) ဥပဒေ ပုဒ်မ ၄ ဖြင့်၎င်း၊

၂။ ရန်ကုန် အနောက်ပိုင်း ခရိုင်တရားရုံးတွင် အီလက်ထရွန်နစ် ဥပဒေ ပုဒ်မ ၃၃ (က) ဖြင့်၎င်း၊

၃။ ဒေါပုံမြို့နယ် တရားရုံးတွင် ပုံနှိပ်ထုတ်ဝေ အက်ဥပဒေ ပုဒ်မ ၁၇/၂၀ ဖြင့်၎င်း၊

၄။ လှိုင်သာယာမြို့နယ် တရားရုံးတွင် ပြစ်မှု ပုဒ်မ ၅၀၅ (ခ) ဖြင့်၎င်း၊

၅။ သင်္ကန်းကျွန်းမြို့နယ် တရားရုံးတွင် မတရားအသင်းဥပဒေ ပုဒ်မ ၁၇ (၁)၊ ဗီဒီယိုအက် ၃၂၊ ၃၆ နှင့် တရားမဝင် နိုင်ငံခြားငွေကိုင်ဆောင်မှု ပုဒ်မ ၂၄ (၁) ဖြင့်၎င်း၊

၆။ အင်းစိန်မြို့နယ် တရားရုံးတွင် ပြစ်မှုပုဒ်မ ၅၀၅ (ခ) ဖြင့်ငှင်း၊

၇။ တောင်ဥက္ကလာပမြို့နယ် တရားရုံးတွင် ပြစ်မှုပုဒ်မ–၁၃၀ (ခ) ဖြင့်ငှင်း၊

၈။ မြောက်ဥက္ကလာပမြို့နယ် တရားရုံးတွင် အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၆ ဖြင့်ငှင်း၊

တရားရုံး (၈) ရုံးတွင် အမှုပေါင်း (၂၁)မှုဖြင့် တရားစွဲဆို စစ်ဆေးခံနေရပါသည်။ မည်ကဲ့သို့ မတရားဖမ်းဆီးပြီး တရားဥပဒေနှင့် ဆန့်ကျင်ကာ မတရားးချုပ်နှောင်ခဲ့သည်ကို ဥပဒေရေးရာ သုံးသပ်ချက်တွင် တွေ့မြင်နိုင်ပါသည်။

<u>ဥပဒေ ရေးရာသုံးသပ်ချက်။</u>

၁။ ရဲအရေးပိုင်သော ပြစ်မှုများတွင် တိုင်တန်းသူတရားလိုမှာ နိုင်ငံတော်ဖြစ်သည်။ ရဲတပ်ဖွဲ့သည် နိုင်ငံတော်ကိုယ်စား စုံစမ်းထောက်လှမ်းပြီး၊ ဥပဒေက အတိအကျ ပြဋ္ဌာန်းထားသည့်ကာလအတွင်း မှုခင်းခိုင်မာအောင် တည်ဆောက်ကာ တရားစွဲတင်ပို့ရသည်။ ယခုကဲ့သို့ တရားရုံး တစ်ရုံးပြီး တစ်ရုံးပြောင်းကာ ပြစ်မှုအမျိုးမျိုးဖြင့် ရမန်ထပ်ကာ ထပ်ကာ ဆက်တိုက်ယူ၍ ရက်ရှည်ချုပ်နှောင်ခဲ့ခြင်းမှာ ပြဋ္ဌာန်းဥပဒေများကို ဖောက်ဖျက်လိုက်ခြင်းဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၇ (၂) အရ စွပ်စွဲခံရသူအား အများဆုံး ရက်ပေါင်း(၃၀) သာ ချုပ်နှောင်ခွင့်ပြုရမည် ဖြစ်ပြီး၊ ရက်ပေါင်း (၃၀) ကာလအတွင်း ရဲကစုံစမ်းထောက်လှမ်းခြင်း ပြည့်စုံပြီးလျှင် မည်သည့်အကြောင်းပြချက် တစုံတရာနှင့်မျှ ဆက်လက်ချုပ်နှောင်ခွင့် မပြုစေရ၊ ဟု တရားရုံးလက်စွဲ အပိုဒ် ၄၀၇ တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။ ၂၁၊ ၈၊ ၂၀၀၇ ရက်နေ့က ဖမ်းဆီးခဲ့ပြီး၊ ၄၊ ၉၊ ၂၀၀၈ ရက်နေ့အထိ ရက်ပေါင်း ၃၇၈ ရက်ကြာ ရမန်ရက်ရှည်ယူ ချုပ်နှောင်ခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၄၀ အရ မတရား ဖမ်းဆီးချုပ်နှောင်မှုကို တရားစွဲအဖွဲ့အစည်း ဖြစ်သည့် အစိုးရကိုယ်တိုင်က ကျူးလွန်လိုက်ခြင်းဖြစ်သည်။

နိုင်ငံတကာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သည့်ပြစ်မှု ၊ ပုဒ်မ ခွဲ (၁) (င) တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကို ပြင်းထန်စွာ ထိခိုက်စေခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း ဟူသည့် နိုင်ငံတကာ ဥပဒေအခြေခံများကို ချိုးဖောက်သည့် ပြစ်မှုကြီးကို ကျူးလွန်လိုက်ခြင်းလည်း ဖြစ်သည်။

၂။ တရားရုံးများလက်စွဲ အပိုဒ် ၄၀၅ (၂) တွင် ရမန်ပေးရမည့် အကြောင်းပြချက်များ တိကျသေချာရမည်၊ ဟုပြဋ္ဌာန်းထားသကဲ့သို့ ရဲလက်စွဲ အပိုဒ် ၁၃၅၁ တွင်လည်း ရမန်တောင်းဆိုသည့်အခါတွင် မေးမြန်းစုံထောက်မှု ပြုနိုင်မည့် အကြောင်းအရာများကို သေချာစွာဖော်ပြပါရှိရမည်၊ ဟုညွှန်ပြထားသည်။

မြန်မာနိုင်ငံ ရဲလက်စွဲ အပိုဒ် ၁၃၄၇ တွင် အမှုစုံစမ်းထောက်လှမ်းမှုမပြီးဆုံးသေး၍ ဒုတိယ ရမန်တောင်းဆိုရာတွင် အမှုစုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်သော အမှုနေ့စဉ်မှတ်တမ်းကို မလွဲမသွေတင်သွင်းရမည် ဟုဖော်ပြထားသည်။ ပုဒ်မ အမျိုးမျိုးတပ်ကာ ဆင့်ကဲဆင့်ကဲ ရမန်ယူ၍ ရက်ပေါင်းရှည်ကြာစွာ ချုပ်နှောင်ခဲ့ခြင်းသည် တည်ဆဲဥပဒေများကို ချိုးဖောက်ခြင်းဖြစ်သည်။

၃။ စွပ်စွဲခံရသူများ အကျိုးယုတ်စေရန်အကြံဖြင့် တိုင်တန်းခြင်းအား ပြောင်းလွဲရေးမှတ်ခဲ့လျှင် ရဲတပ်ဖွဲ့မှ အမြဲတမ်း ထုတ်ပယ်ခြင်းခံရမည်ဖြစ်သည့်အပြင်၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၇၇ (မမှန်သတင်းပေးခြင်း) နှင့် ပုဒ်မ ၂၁၈ (ပြည်သူ့ဝန်ထမ်းက မှားယွင်းသောမှတ်တမ်းကိုဖြစ်စေ၊ ရေးသားချက်ကိုဖြစ်စေ ပြုခြင်း) တို့အရ တရားစွဲဆိုခြင်းခံရမည် ဖြစ်ကြောင်း အဆိုပါရဲလက်စွဲတွင် ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

၄။ ရှေ့နေချုပ်နည်းဥပဒေများ ပုဒ်မ ၄၈ (က) အရ ချုပ်မိန့်ရမန်ကို မှန်ကန်မှုရှိမရှိ ဥပဒေရုံးမှ စိစစ်ရမည်ဖြစ်ပြီး ရှေ့နေချုပ်နည်း ဥပဒေများ ပုဒ်မ ၄၈ (ဂ) အရ မှန်ကန်ပြည့်စုံမှု မရှိပါက ချုပ်မိန့်တောင်းပုံစံကို ရဲအမှုစစ်ထံ ပြန်ပို့ရမည် ဖြစ်သည်။ ရှေ့နေချုပ်နည်းဥပဒေများ ပုဒ်မ ၅၃ အရ ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံး အဆင့်ဆင့်သည် ရဲစစ်ဆေးချက်အမှုတွဲပါ စာရွက်စာတမ်းအထောက်အထားများအား စိစစ်ရမည် ဖြစ်သည်။ ရှေ့နေချုပ်နည်းဥပဒေများ ပုဒ်မ ၅၈ တွင်လည်း ချုပ်မိန့်ရက် စေ့ကုန်မည့်အချိန် ရောက်ရှိနေလျှင် တရားစွဲဆိုခြင်းကို ဆိုင်းငံ့ထားခြင်း မပြုရဟု အတိအလင်း ပြဋ္ဌာန်းထားသည်။

၅။ သို့ဖြစ်ပါ၍ ကိုမင်းကိုနိုင်ပါ ၂၁ ဦးအား ရက်ပေါင်း (၃၇၈) ရက်ကြာ ရမန်ရက်ရှည်ယူ ချုပ်နှောင်ခဲ့ပြီး၊ ပုဒ်မအမျိုးမျိုးဖြင့် တရားစွဲတင်ခဲ့ခြင်းသည် တည်ဆဲဥပဒေများကို ဆန့်ကျင်ချိုးဖောက်၍ တရားဥပဒေစိုးမိုးရေး အခြေခံမူများကို ဖောက်ဖျက်ကျူးလွန်နေခြင်းဖြစ်ကြောင်း ဥပဒေရေးရာသုံးသပ်ချက် ထုတ်ပြန်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ

နေ့စွဲ။ ။ စက်တင်ဘာလ (၂၅) ရက်၊ ၂၀၀၈ ခုနှစ်

အသေးစိတ်သိလိုပါလျှင်–

ဆက်သွယ်ရန်။ ။ ဦးမျိုး ၊ (၀၈၆ ၂၁၆ ၀၁၀၈) ( တာဝန်ခံ ၊ ဥပဒေ ရေးရာသုံးသပ်ရေးအဖွဲ့)

မှတ်ချက်။ ။ တရားရုံးသတင်း အချက်အလက်များကို နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ ရရှိပါသည်။